ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ကာကွယ်တားဆီးမှု အခြေအနေအားလေ့လာခြင်း

အကျဉ်းချုပ်

ကမ္ဘာ့နိုင်ငံများသည် ပဋိပက္ခများအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ကာကွယ်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကုလသမဂ္ဂသဘောတူညီချက်များကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသော်လည်း နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှုများသည် နှစ်စဉ်ဖြစ်ပွားလျက် ရှိပါသည်။ အကြမ်းဖက်မှုများဖြစ်ပွားရခြင်းသည် ဗဟုသုတအားနည်းခြင်း၊ မူးယစ်ဆေးဝါး အလွန် အကျွံသုံးစွဲခြင်း၊ သမားရိုးကျမိသားစုကိစ္စဟုသာထင်မှားခြင်း၊ တိုင်ကြားလိုသော်လည်း မည်ကဲ့သို့ တိုင်ကြားရမည်ကို မသိရှိကြခြင်း၊ ခင်ပွန်းဖြစ်သူအပေါ် မှီခိုနေရခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ဘာသာ စကား အခက်အခဲဖြစ်ခြင်း၊ အကြမ်းဖက်မှုမြောက်သည်ကို ပြုလုပ်သူနှင့်ပြုခြင်းခံရသူတို့ မသိရှိ ခြင်းကြောင့် ပိုမိုဖြစ်ပွားနေခြင်းဖြစ်ပါသည်။

ဤစာတမ်းတိုတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးအတွက် အစိုးရ၏ ဆောင်ရွက်ချက်များ၊ အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များတွင် လက်မှတ်ရေးထိုး၍ ပါဝင်ဆောင်ရွက်ချက်များ၊ ပြင်ပအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ ဥပဒေမူကြမ်းရေးဆွဲရေး ဆောင်ရွက်ချက်များ၊ လွှတ်တော်အတွင်းဆွေးနွေးမှုများနှင့် နိုင်ငံအချို့၏ ဆောင်ရွက်နေမှုများကို စုစည်း၍ အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို အထောက်အကူပြုစေမည့်အချက်များပါဝင်ပါသည်။

သုသေတသနစာတမ်းတို အမှတ်စဉ်( ၁၃၇ )

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ | ၄ |
| ၄။ | အမျိုးသမီးများအားအကြမ်းဖက်ခြင်း | ၄ |
| ၅။ | ပြည်တွင်းအမျိုးသမီးများအကြမ်းဖက်ခံရမှုအခြေအနေ | ၅ |
| ၆။ | ကိုရိုနာဗိုင်းရပ်စ်နှင့် အိမ်တွင်းအကြမ်းဖက်မှု | ၇ |
| ၇။ | အမျိုးသမီးအကြမ်းဖက်မှုများအပေါ်ကာကွယ်ပေးသည့်နိုင်ငံတကာသဘော တူညီချက်များ. | ၇ |
| ၈။ | အာဆီယံအသိုက်အဝန်း၏ဆောင်ရွက်ချက်များ | ၁၀ |
| ၉။ | အစိုးရ၏ ဆောင်ရွက်ချက်များနှင့်သဘောတူလက်မှတ်ရေးထိုးမှုများ | ၁၁ |
| ၁၀။ | ဥပဒေမူကြမ်းရေးဆွဲရေးဆောင်ရွက်ချက်များ | ၁၄ |
| ၁၁။ | လွှတ်တော်အတွင်း ဆွေးနွေးချက်များ | ၁၄ |
| ၁၂။ | အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် ဆက်စပ်သည့်ဥပဒေများ | ၁၆ |
| ၁၃။ | မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ | ၁၆ |
| ၁၄။ | အရပ်ဘက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ | ၁၇ |
| ၁၅။ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းများ၏အမြင်များ | ၁၇ |
| ၁၆။ | နိုင်ငံအချို့၏ဆောင်ရွက်နေမှုများ | ၁၉ |
| ၁၇။ | နိဂုံး | ၂၂ |

## နိဒါန်း

၁။ ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးအားလုံး၏ ၃၅ ရာခိုင်နှုန်းကျော်သည် မိမိနှင့်ရင်းနှီး ခင်မင်သူ သို့မဟုတ် လက်တွဲဖော်၏ အကြမ်းဖက်မှုများကို ရုပ်ပိုင်းဆိုင်ရာသော်လည်းကောင်း၊ လိင်ပိုင်း ဆိုင်ရာသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာသော်လည်းကောင်း ပြုမူမှုတို့ကို နေ့စဉ်တွေ့ကြုံနေကြရပါသည်။ လူမျိုးဘာသာမတူခြင်း၊ နိုင်ငံမတူခြင်း၊ အသားအရောင်မတူခြင်း၊ ယဉ်ကျေးမှု မတူခြင်းစသည့် ခေါင်းစဉ်မျိုးစုံဖြင့် အမျိုးသမီးများသည် လိင်ကွဲပြားမှုအပေါ် အခြေတည်ဖြစ်ပေါ်လာသည့် ခွဲခြားဆက်ဆံရခြင်းနှင့် အကြမ်းဖက်မှုများကို နည်းမျိုးစုံဖြင့်ခံစားနေရပါသည်။ အသက်အရွယ်မျိုးစုံ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် ယဉ်ကျေးသောလူ့ဘောင် အဖွဲ့အစည်းအားလုံးမှ လက်မခံနိုင်သော ခွင့်လွှတ်နိုင်ဖွယ်မရှိသော လုပ်ရပ်များဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုကိုရေးသားရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအခြေအနေများကို သိရှိရန်၊

(ခ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကာကွယ်တိုက်ဖျက်ရာတွင် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

(ဂ) နိုင်ငံတကာသဘောတူညီချက်များကို သိရှိစေရန်၊

(ဃ) အစိုးရ၏ဆောင်ရွက်ချက်များနှင့် လွှတ်တော်အတွင်း ဆွေးနွေးဆောင်ရွက်ချက်များကိုသိရှိစေရန်၊

(င) အခြားနိုင်ငံများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးလုပ်ငန်းစဉ်များကို သင်ခန်းစာထုတ်နှုတ် ရယူနိုင်ရန်ရည်ရွယ်၍ ရေးသားတင်ပြခြင်းဖြစ်ပါသည်။

## အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင်ပါဝင်သော အချက်အလက်များသည် နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ အစိုးရဝန်ကြီးဌာနများ၏ website များမှ ထုတ်ပြန်ထားသောအချက်အလက်များ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ မေးမြန်းချက်များ၊ NGOs၊ INGOs များ၏ အစီရင်ခံစာများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထုတ်ပြန်ချက်များမှ ရယူဖော်ပြထားပါသည်။

## အမျိုးသမီးများအားအကြမ်းဖက်ခြင်း

၄။ အမျိုးသမီးများအား အကြမ်းဖက်ခြင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ လက်ရောက်မှု၊ စော်ကားမှု၊ အနိုင်ထက်ပြုမှု၊ ခြိမ်းခြောက်မှု၊ အရွယ်မရောက်မီ အတင်းအကျပ် အိမ်ထောင်ချပေးမှု၊ လူကုန်ကူးခံရမှု စသည်တို့ပါဝင်ပါသည်။[1]

(က) ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် ရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်း၊ ကန်ကျောက်ခြင်း၊ တွန်းချခြင်း၊ ပစ်ပေါက်ခြင်း၊ လိမ်ချိုးခြင်း၊ လည်ပင်းညှစ်ခြင်း၊ လက်နက်သုံးခြင်း၊ ချုပ်နှောင်ခြင်း၊ အန္တရာယ်ရှိသောအရာကို အတင်းအကျပ်စားသုံးစေခြင်း၊ ဆေးမကုသနိုင်စေရန်၊ အကူအညီမတောင်းနိုင်စေရန် ထိန်းချုပ်ထားခြင်း စသည်တို့ပါဝင်ပြီး အကျိုးဆက်အနေဖြင့် နာကျင်ဒဏ်ရာရခြင်း၊ အရိုးကျိုးခြင်း၊ သေဆုံးခြင်းတို့ထိ ဖြစ်ပေါ်စေပါသည်။

(ခ) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၌ အကြမ်းဖက်ခံရသူ သို့မဟုတ် ၎င်း၏ ချစ်ခင်သူများနှင့် ကလေးများကို နာကျင်အောင်လုပ်မည်ဟု ခြိမ်းခြောက်ခြင်း၊ လက်နက်ပြ၍ခြောက်လှန့်ခြင်း၊ လျစ်လျူရှုထားခြင်း၊ လူမှုရေးဖောက်ပြန်ခြင်း၊ မူးယစ်ရမ်းကားခြင်း၊ စွပ်စွဲခြင်း၊ လုပ်ငန်းခွင်နှင့် လူမှုပတ်ဝန်းကျင်တွင် အရှက်ရစေရန် လိုက်လံနှောင့်ယှက်ခြင်းတို့ပါဝင်ပါသည်။

[1] အမျိုးသမီးများအကြမ်းဖက်မှု မခံရရေး အားလုံးကူညီလက်တွဲပေး၊ ဒေါက်တာခိုင်ခိုင်ဝင်း၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ www.moi.gov.mm မှ ကောက်နုတ်ရရှိပါသည်။f

(ဂ) စီးပွားရေးနှင့် ငွေကြေးဆိုင်ရာအကြမ်းဖက်မှုတွင် ဝင်ငွေရရန် အလုပ်လုပ်ခွင့်မပေးခြင်း၊ အိမ်မှုကိစ္စများ အချိန်ပြည့်အလွန်အကျွံခိုင်းစေခြင်း၊ အိမ်သုံးစရိတ်နှင့် ကလေးစရိတ်များ လုံလောက်စွာမပေးခြင်း၊ အကြမ်းဖက်ခံရသူ၏ ငွေကြေးဥစ္စာကို ခြိမ်းခြောက်ရယူခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ ပူးတွဲပိုင်ဆိုင်ခွင့်ရှိသော ငွေကြေးဥစ္စာကို အကြမ်းဖက်ခံရသူအား အသိမပေးခြင်း၊ နှစ်ဦးပိုင်ပစ္စည်းများအား လုယူခြင်း၊ ဖျက်ဆီးခြင်း၊ အကြမ်းဖက်သူမှ အခွင့်အလမ်းများကို မိမိအတွက်သာ အသုံးချခြင်းတို့ပါဝင်ပါသည်။

(ဃ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် သိက္ခာချမ်းသူ (ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်၊ အခြားမိတ်ဆွေ သို့မဟုတ် သူစိမ်း) စသည်တို့က ကျူးလွန်ခြင်းဖြစ်နိုင်ပါသည်။ မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ရန် အားထုတ်ခြင်း၊ ကာယကံရှင်ဆန္ဒမပါဘဲ အင်အားသုံး၍ လိင်ဆက်ဆံခြင်း၊ လူကုန်ကူးခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းတို့ပါဝင်ပါသည်။

(င) နည်းပညာသုံးအကြမ်းဖက်မှုတွင် ဖေ့စ်ဘုတ်စသော လူမှုမီဒီယာများ၊ အင်တာနက်၊ လျှို့ဝှက်ကင်မရာများ၊ ဆေးဝါးများစသည်တို့ကို အသုံးပြု၍ ညစ်ညမ်းပုံများပြသခြင်း၊ ခိုးဝှက်၍ ဓာတ်ပုံ၊ ဗီဒီယိုများရိုက်ကူးခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အရှက်ခွဲခြင်း၊ အကျပ်ကိုင်၍ထိန်းချုပ် လွှမ်းမိုးခြင်း တို့ပါဝင်ပါသည်။[2]

## ပြည်တွင်းအမျိုးသမီးများအကြမ်းဖက်ခံရမှုအခြေအနေ

၅။ မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၅၁.၈ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပါသည်။[3] (၂၀၁၅-၂၀၁၆) ခုနှစ် မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း (Myanmar Demographic and Health Survey) ၏ တွေ့ရှိချက်များအရ စစ်တမ်းဖြေဆိုသူ အမျိုးသမီးများအနက် ၁၅% (၇ ဦးလျှင် ၁ ဦးခန့်) မှာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

[2] ကျားမအခြေပြု အကြမ်းဖက်မှုခံစားရသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းလမ်းညွှန်၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ စာမျက်နှာ ၄ မှ ကောက်နုတ်ဖော်ပြရှိပါသည်။

[3] Myanmar Population 2020၊ https://worldpopulationreview.com/countries/myanmar-population/ မှ ကောက်နုတ်ရရှိပါသည်။

ခံစားခဲ့ရပြီး အိမ်ထောင်ရှင် အမျိုးသမီးများ၏ ၂၁% (၅ ဦးလျှင် ၁ ဦးခန့်) မှာ ခင်ပွန်းသည်၏ အကြမ်းဖက်မှုကို ခံစားခဲ့ရပါသည်။[4]

၆။ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၄၉ နှစ် အတွင်းရှိသော အိမ်ထောင်ရှင်အမျိုးသမီးများ၏ ၁၇ ရာခိုင်နှုန်းသည် ဘဝတွင် အနည်းဆုံးတစ်ကြိမ်ခန့် အိမ်ထောင်ဖက်၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြုံတွေ့ခံစားခဲ့ကြရပါသည်။[5]

၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စများသည် ပိုမိုများပြားလာပြီး ၂၀၁၆ ခုနှစ်တွင် အကြမ်းဖက်မှုပေါင်း (၇၀၀) ကျော်၊ ၂၀၁၇ ခုနှစ်တွင် (၈၀၀) ကျော်၊ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် (၁၀၀၀) ကျော်ထိ တိုးပွားလာခဲ့ပါသည်။[6]

၈။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် သက်ငယ်မုဒိမ်းမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | အကြမ်းဖက်မှုများ | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် |
|---|---|---|---|---|---|
| (က) | လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | ၁၄၀၅ မှု | ၁၅၀၃မှု | ၆၁၉ မှု | – |
| (ခ) | သက်ငယ်မုဒိမ်းမှု | ၆၇၁ (၆၀.၉၄%) | ၈၉၇ (၆၃.၈၄%) | ၁၀၁၈ မှု (၆၄.၉၃%) | ၄၁၉ မှု (၆၇.၆၈%)[7] |

[4] ကျားမအခြေပြု အကြမ်းဖက်မှုခံစားရသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းလမ်းညွှန်၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ စာမျက်နှာ ၁၁ မှ ကောက်နုတ်ရရှိပါသည်။

[5] https://theananda.org/my/blog/view/backgrounder-summary-PoVAW-Bill မှကောက်နုတ်ရရှိပါသည်။

[6] နော်လုလုစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသမီးအများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေအား ရေးဆွဲခြင်းလုပ်ငန်း မည်သည့် အခြေအနေတွင် ရှိနေပြီး မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း၊ ဒုတိယအကြိမ်၊ ဒသမပုံမှန် အစည်းအဝေး၊ အဌမနေ့၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် နေ့မှ ကောက်နုတ်ရရှိပါသည်။

[7] အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၊ နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက် တရားမျှတမှုရရှိရေး ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး။ ၂၀၁၉ ခုနှစ်၊ နိုင်ငံဝင်ဘာလ ၂၅ ရက် မှ ကောက်နုတ်ရရှိပါသည်။

## ကိုရိုနာဗိုင်းရပ်စ်နှင့် အိမ်တွင်းအကြမ်းဖက်မှု

၉။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုများ ပိုမိုဆိုးဝါးနိုင်ခြေရှိပါသည်။ United Nations Women အဖွဲ့၏ အစီရင်ခံစာများအရ ကိုရိုနာကပ်ရောဂါဖြစ်ပွားချိန်မှစ၍ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများအနက် အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှုများသည် lockdown ထားသည့် အခြေအနေများကြောင့် နိုင်ငံများတွင် ပိုမိုများပြားလာပါသည်။ ပြင်သစ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့ Lockdown ချထားချိန်မှစ၍ အိမ်တွင်းအကြမ်းဖက်မှုများသည် ၃၀ ရာခိုင်နှုန်းထိ များပြားလာပြီး Cyprus နှင့် စင်္ကာပူနိုင်ငံတို့တွင် Helpline မှ အိမ်တွင်းအကြမ်းဖက်မှုတိုင်ကြားမှုများသည် ၃၀ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်းထိ မြင့်တက်လာပါသည်။ အာဂျင်တီးနားနိုင်ငံတွင် Lockdown ချချိန်မှစ၍ အိမ်တွင်းအကြမ်းဖက်မှုအရေအတွက်သည် ၂၅ ရာခိုင်နှုန်းထိ မြင့်တက်လာပါသည်။ ကနေဒါ၊ ဂျာမနီ၊ စပိန်၊ UK နှင့် US တို့တွင် ကပ်ရောဂါကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုများနှင့် အရေးပေါ်ခိုလှုံခွင့်တောင်းခံမှုများသည် ပိုမိုများပြားလာကြောင်း အစိုးရအဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ထောက်ပြပြောဆိုခဲ့ကြပါသည်။[8]

## အမျိုးသမီးအကြမ်းဖက်မှုများအပေါ်ကာကွယ်ပေးသည့်နိုင်ငံတကာသဘောတူညီချက်များ

၁၀။ ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် Convention the Elimination of all forms of Discrimination against Women (CEDAW) ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ သဘောတူစာချုပ်ကို အမျိုးသမီးများ၏ အခြေခံရပိုင်ခွင့်အခွင့်အရေး စာချုပ်စာတမ်းအဖြစ် ရည်ညွှန်းလေ့ရှိပါသည်။ ယင်းစာချုပ်တွင် နိဒါန်းနှင့်အပိုဒ်ပေါင်း ၃၀ ပါဝင်ပြီး အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုအကြောင်းအဓိပ္ပာယ်ဖွင့်ဆိုထားပြီး[9] နိုင်ငံပေါင်း ၉၉ နိုင်ငံမှ လက်မှတ်ရေးထိုးထားပါသည်။[10] အဆိုပါစာချုပ်ကို မြန်မာနိုင်ငံသည်လည်း ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

[8] UN Women၊ COVID-19 and Ending Violence Against Women and Girls၊ 2020 April 6, https:// www.unwomen. org/en/digital-library /publications/2020/04/issue-brief-covid-19-and-ending-violence-against-women-and-girls မှ ကောက်နုတ်ရရှိပါသည်။
[9] https://www.un.org/womenwatch/daw/cedaw/ Overview of the Convention မှ ကောက်နုတ်ရရှိပါသည်။
[10] https://treaties.un.org/Pages/ViewDetails.aspx?src=TREATY&mtdsg_no=IV-8&chapter=4&lang=en မှ ကောက်နုတ်ရရှိပါသည်။

၁၁။ CEDAW သည် ကျား/မ ရေးရာတန်းတူညီမျှမှုကို မြှင့်တင်အားပေး၍ ဥပဒေအရ စည်းနှောင်ထားရှိသည့် နိုင်ငံတကာလူ့အခွင့်အရေး ပဋိညာဉ်မူတစ်ရပ်ဖြစ်ပါသည်။ CEDAW ကို သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် အမျိုးသမီးများ၏ အခွင့်အရေးတိုးတက် မြင့်မားလာစေမည့် ဥပဒေပြဋ္ဌာန်းချက်များနှင့် မူဝါဒများကို မွမ်းမံပြင်ဆင်ရန် သို့မဟုတ် အသစ်ရေးဆွဲကျင့်သုံးရန်ဖြစ်သည်။ ယင်းကျင့်သုံးမှုများတွင်လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်၍ ဖြစ်ပေါ်လာနိုင်သည့် ကျား/မ ရေးရာ မညီမျှမှုများမှ လက်ရှိလူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရန် သဘောတူထားကြခြင်းဖြစ်ပါသည်။[11]

၁၂။ CEDAW ၏ အထွေထွေအကြံပြုချက် အမှတ်-၁၉ (၁၉၉၂) တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဖော်ပြထားပါသည်။ အထွေထွေအကြံပြုချက် အမှတ်-၁၉ အရ အဖွဲ့ဝင်နိုင်ငံများမှ CEDAW ကော်မတီသို့တင်ပြရသော အစီရင်ခံစာများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်သည့်အချက်အလက်များ၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များအပြင် လုပ်ငန်းခွင်နှောင့်ယှက်ခံရမှုများ၊ မိသားစုအတွင်းအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေများနှင့် အခြားဆောင်ရွက်ချက်များကို ဖော်ပြပေးရပါသည်။[12]

၁၃။ ၁၉၉၅ ခုနှစ်၊ ဘေဂျင်းမြို့၌ ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံတွင် ရေးဆွဲအတည်ပြုခဲ့သော ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းလမ်းညွှန်မူဘောင် (Beijing Platform For Action – BPfA) သည် အဖွဲ့ဝင်နိုင်ငံများအား အမျိုးသမီးထု၏ အခွင့်အရေးများကို အားပေးမြှင့်တင်ရန် တိုက်တွန်းထားပါသည်။ BPfA သည် ဖွံ့ဖြိုးတိုးတက်ရေး ငြိမ်းချမ်းရေးနှင့် ကျား/မရေးရာ တန်းတူညီမျှရေးကို အားပေးမြှင့်တင်ရန် ရည်ရွယ်သည့် ကျယ်ပြန့်ပြည့်စုံမှုရှိသော ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်မှုမူဘောင်တစ်ရပ်ဖြစ်သည်။ မူဘောင်အတွင်း ဆင်းရဲမွဲတေမှု၊ ပညာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လက်နက်ကိုင်ပဋိပက္ခနှင့် ဆုံးဖြတ်ချက်ချမှုများအတွက် လွှမ်းခြုံမှုရှိသည့် စံသတ်မှတ်ချက်ထားရှိရမည့် နယ်ပယ် (၁၂) ရပ်ကို သတ်မှတ်ပေးထားပါသည်။[13]

---

[11] ငြိမ်းချမ်းရေးအတွက် ကျားမ တန်းတူရေး မဟာမိတ်အဖွဲ့(AGIPP), မူဝါဒစာတမ်းအမှတ် (၃)၊ မေလ ၂၀၁၇၊ စာမျက်နှာ- ၂ မှ ကောက်နုတ်ရရှိပါသည်။
[12] တိမ်မြုပ်နေသော ဖြည့်ဆည်းရန် ကွက်လပ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေများတွင် ပါဝင်သင့်သည့် အကြောင်းအရာများ၊ ကျား၊မ ရေးရာတန်းညီမျှမှုကွန်ရက်၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ စာမျက်နှာ ၁၂ မှ ကောက်နုတ်ရရှိပါသည်။
[13] အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လမ်းညွှန်စာအုပ်၊ ငြိမ်းချမ်းရေးအတွက် ကျားမတန်းတူရေးမဟာမိတ်အဖွဲ့၊ ၂၀၂၀ ပြည့်နှင့်၊ မေလ၊ စာမျက်နှာ ၇ မှ ကောက်နုတ်ထားပါသည်။

၁၄။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုအား ကာကွယ်တားဆီးရန် လုံခြုံရေးကောင်စီ၏ အစည်းအဝေး များတွင် အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများအား တိုက်တွန်းနှိုးဆော်သည့် ဆုံးဖြတ်ချက်အမှတ်များကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတို့မှာ -

(က) ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀)။ "ပဋိပက္ခကာလနှင့် ကာလလွန်များ တွင် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများမှ မိန်းကလေးနှင့် အမျိုးသမီးအပေါ်ကာကွယ်ပေးထားသည့် နိုင်ငံတကာဥပဒေများ အား အပြည့်အဝအကောင်အထည် ဖော်ဆောင်နိုင်ရေး လိုအပ်ချက်များကို ပြန်လည် အတည်ပြု အာမခံ၍လည်းကောင်း" ဟုပြဋ္ဌာန်းပါရှိပါသည်။

(ခ) ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ (၂၀၀၈)။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် ယင်း၏ နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များပါ သဘောတူညီချက်များ၊ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲပြဋ္ဌာန်းချက်များပါ သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အဖွဲ့ဝင်နိုင်ငံများ ၏အစိုးရများမှ တာဝန်ရှိသည်ကို ထပ်မံအတည်ပြုခြင်းနှင့် အတည်မပြုရသေး သောနိုင်ငံများကို အတည်ပြုလုပ်သွားရန်နှင့် လက်မှတ်ရေးထိုးခြင်းမရှိသေးသော နိုင်ငံများကိုလည်း လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်သွားရန်တိုက်တွန်းထားပါ သည်။

(ဂ) ဆုံးဖြတ်ချက်အမှတ် ၁၈၈၈ (၂၀၀၉)။ ဆုံးဖြတ်ချက်အမှတ် ၁၈၈၈ သည် ၁၈၂၀ ကိုအခြေခံထားပြီး ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု ကာကွယ်တားဆီးရန် အထူးကိုယ်စားလှယ်ခန့်အပ်ရန်နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းသည့် လုပ်ငန်းစဉ်များ အတွင်း အမျိုးသမီးကာကွယ်စောင့်ရှောက်ရေး အကြံပေးများခန့်အပ်ရန် တိုက်တွန်း ထားပါသည်။[14]

[14] Securtiy Council Resolution 1888၊ Introduction၊ www.peacewomen.org.com မှ ကောက်နုတ်ရရှိပါသည်။

(ဃ) ဆုံးဖြတ်ချက်အမှတ် ၁၉၆၀ (၂၀၁၀)။ ဤဆုံးဖြတ်ချက်သည် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ စနစ်တကျတာဝန်ခံမှု အားကောင်းလာစေရန် အဓိကရည်ရွယ်ပါသည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအတွက် အချက်အလက်များစုဆောင်း၍ ကျူးလွန်သူများကို အရေးယူရန် ရည်ရွယ်ဖော်ပြထားပါသည်။[15]

## အာဆီယံအသိုက်အဝန်း၏ ဆောင်ရွက်ချက်များ

၁၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အမျိုးသမီးများနှင့် ကလေးငယ်များ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် အာဆီယံကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children – ACWC) ကို ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပသည့် ၁၇ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မရှင်တွင် အမျိုးသမီးများအတွက် ကိုယ်စားလှယ်တစ်ဦး၊ ကလေးများအတွက် ကိုယ်စားလှယ်တစ်ဦး အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံလျှင် ကိုယ်စားလှယ် (၂) ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၂၀) ဦး ဖြင့်ဖွဲ့စည်းခဲ့ပါသည်။ ACWC သည် အာဆီယံဝန်ကြီးများ၏ လူမှုဖူလုံရေးဖွံ့ဖြိုးတိုးတက်မှု အစည်းအဝေး၌ သတ်မှတ်ချက်များနှင့်အညီ အမျိုးသမီးများနှင့် ကလေးငယ်များ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန် ဆန်းသစ်တီထွင်သော မူဝါဒများ၊ အစီအစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများပါဝင်သော အစီရင်ခံစာများ တင်သွင်းရပါသည်။ ACWC သည် အစိုးရအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များအတွက် အမြင်ဖလှယ်ခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း၊ ကျားမဆိုင်ရာ ကိစ္စရပ်များအပေါ် နားလည်သဘောပေါက်စေရန်၊ မတူကွဲပြားသော ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲများ၊ လေ့ကျင့်ပညာပေးရေးများ ကျင်းပကြပါသည်။[16]

---

[15] တိမ်မြုပ်နေသော ဖြည့်ဆည်းရန် ကွက်လပ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေများတွင် ပါဝင်သင့်သည့် အကြောင်းအရာများ၊ ကျားမ ရေးရာတန်းညီမျှမှုကွန်ရက်၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ စာမျက်နှာ ၂၇ မှ ကောက်နုတ်ရရှိပါသည်။

[16] About ACWC https://acwc.asean.org/about/ မှ ကောက်နုတ်ရရှိပါသည်။

## အစိုးရ၏ ဆောင်ရွက်ချက်များနှင့်သဘောတူလက်မှတ်ရေးထိုးမှုများ

၁၆။ ၂၀၁၃ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း National Strategic Plan For the Advancement of Women (NSPAW) (၂၀၁၃-၂၀၂၂) ကိုထုတ်ပြန်ခဲ့သည်။ ယင်းမဟာဗျူဟာစီမံကိန်းကို CEDAW အခြေခံမှုများနှင့် Beijing Platform For Action (BPFA) တို့၏ ဦးစားပေးနယ်ပယ် ၁၂ ရပ် အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။[17]

၁၇။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ၏ ဦးစားပေးနယ်ပယ် ၁၂ ရပ်မှာ -

(က) အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုများကို တိုးတက်မြင့်တင်ရန်နှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်၊

(ခ) အမျိုးသမီးများနှင့် ငယ်ရွယ်သော မိန်းကလေးများသည် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို တန်းတူညီမျှ လက်လှမ်းမီရေး ဆောင်ရွက်ရန်၊

(ဂ) အမျိုးသမီးများနှင့်ငယ်ရွယ်သော မိန်းကလေးများ၏ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်မျိုးဆက်ပွားကျန်းမာရေးအပါအဝင် အရည်အသွေးပြည့်မီသော၊ စရိတ်မျှတသော ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ မြှင့်တင်ရန်နှင့် ဖြည့်ဆည်းရန်၊

(ဃ) အမျိုးသမီးများနှင့် ငယ်ရွယ်သော မိန်းကလေးငယ်များအား နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုပပျောက်ရေးလုပ်ဆောင်ရန်နှင့် ၎င်းတို့အပေါ်အကြမ်းဖက်မှုကို တုံ့ပြန်အရေးယူဆောင်ရွက်ရန်၊

(င) အရေးပေါ်အခြေအနေ ကာကွယ်စောင့်ရှောက်မှုအတွက် အမျိုးသမီးများ၏ အခွင့်အရေးကို သေချာအောင်ဆောင်ရွက်ရန်၊ အရေးပေါ် အခြေအနေကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့တွင် ၎င်းတို့ပါဝင်လုပ်ဆောင်ခွင့် သေချာစွာဆောင်ရွက်ရန်၊

[17] မြန်မာနိုင်ငံ၏ကျားမရေးရာတန်းတူညီမျှခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေဆန်းစစ်မှု၊ ADB,UNDP၊ ၂၀၁၆ ခုနှစ်၊ စာမျက်နှာ ၇၂ မှ ကောက်နုတ်ရရှိပါသည်။

(စ) အလုပ်အကိုင်ခန့်အပ်ခြင်း၊ ချေးငွေ၊ အရင်းအမြစ်များ၊ ပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အကျိုးခံစားခွင့်များ လက်လှမ်းမီမှုနှင့် စပ်လျဉ်း၍ အမျိုးသမီးများသည် တရားမျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးရရှိရေးကို ဆောင်ရွက်ရန်၊

(ဆ) လူမှုအဖွဲ့အစည်းများအတွင်း အဆင့်အားလုံးတွင် ဆုံးဖြတ်ချက်များချမှုနှင့် ခေါင်းဆောင်မှုတို့တွင် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်လုပ်ဆောင်ခွင့် သေချာစေရန်၊

(ဇ) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းယန္တရားကို ထူထောင်ရန်နှင့် တိုးချဲ့ရန်၊ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်တို့တွင် အမျိုးသမီးများသည် တန်းတူညီမျှ မိတ်ဖက်များအဖြစ် ပါဝင်လုပ်ဆောင်နိုင်ရေး သေချာစေရန်၊

(ဈ) အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံရေးဆိုင်ရာခွင့်အရေးများကို အကာအကွယ်ပေးမှု၊ မြှင့်တင်မှုနှင့် ဖြည့်ဆည်းမှုတို့ကို သေချာစေရန်၊

(ည) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းမီဒီယာကဏ္ဍ မြှင့်တင်ခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် လူမှုအဖွဲ့အစည်းများသို့ အမျိုးသမီးများ၏ ပံ့ပိုးဆောင်ရွက်မှုတို့ကို သတင်းမီဒီယာကဏ္ဍက ပြည်သူများအား အသိအမြင်များ သေချာအောင်ဆောင်ရွက်ရန်၊

(ဋ) သဘာဝသယံဇာတ အရင်းအမြစ်များကို စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြင်ဆင်မှုတို့တွင် အမျိုးသမီးများသည် ထိထိရောက်ရောက်ပါဝင် လုပ်ဆောင်ခွင့် သေချာအောင်ဆောင်ရွက်ရန်၊

(ဌ) ကလေးသူငယ် (မိန်းကလေး)များ၏ အခွင့်အရေးများကို မြှင့်တင်ရန်၊ အကာအကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် တို့ဖြစ်ပါသည်။[18]

[18] National Strategic Plan for the Advancement of Women (2013-2022); Myanmar National Committee for Women's Affairs, Ministry of Social Welfare, Relief and Resettlement and Department of Social Welfare မှ ကောက်နုတ်ရရှိပါသည်။

၁၈။ အထက်ဖော်ပြပါ ဦးစားပေးနယ်ပယ် ၁၂ ရပ်သည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေးကို ရှေးရှုသောဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အားကောင်းခိုင်မာလာစေရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဖယ်ရှားတိုက်ဖျက်ရန်၊ အကြမ်းဖက်ခံရသော အမျိုးသမီးများ၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက် ဖြည့်ဆည်းပေးရန် စသည်တို့ကို အဓိကဦးတည်၍ ရည်ရွယ်ထားခြင်းဖြစ်ပါသည်။[19]

၁၉။ မြန်မာနိုင်ငံသည် နိုင်ငံတကာအဆင့်တွင်သာမက ပြည်တွင်း၌ပါ အမျိုးသမီးများအား အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးပါဝင်ခဲ့ပါသည်။[20]

၂၀။ မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန် ချုပ်ဆိုထားသည့်စာချုပ်များမှာ–

(က) ၁၉၇၉ ခုနှစ် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကွန်ဗင်းရှင်း (Convention the Elimination of all forms of Discrimination against Women, CEDAW 1979) ကို ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊

(ခ) ၁၉၈၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးသဘောတူစာချုပ်( Convention on the Rights of the Child, CRC 1989) ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊

(ဂ) ၂၀၀၀ ပြည့်နှစ် လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ နှိမ်နင်းရေးနှင့် အရေးယူအပြစ်ပေးရေး ပဋိညာဉ် (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ) (Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children, 2000) ၂၀၀၄ ခုနှစ် တွင်လည်းကောင်း ကတိကဝတ်ပြုကာ လက်မှတ်ရေးထိုးခဲ့ပါသည်။

---

[19] VIOLENCE AGAINST WOMEN (VAW) PREVENTION AND RESPONSE SERVICES AND ACCESS IN MYANMAR၊ Educationoal Initiative and Aisa Justice and Rights၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ၊ စာမျက်နှာ ၃ မှ ကောက်နုတ်ရရှိပါသည်။

[20] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အဆိုပြုဥပဒေအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် အဓိကကျသည့် အကြောင်းအရာပိုင်းဆိုင်ရာ အကြံပြုချက်များ၊ ၂၀၁၉ ခုနှစ်၊ မတ်လ၊ စာမျက်နှာ ၃ မှ ကောက်နုတ်ရရှိပါသည်။

၂၁။ ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံ အမျိုးသမီးရေးရာကော်မတီ (ASEAN Commission on Protection and Promotion of the Rights of Women and Children, 2010) တို့တွင် အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပါသည်။ [21]

## ဥပဒေမူကြမ်းရေးဆွဲရေးဆောင်ရွက်ချက်များ

၂၂။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်းကို ၂၀၁၃ ခုနှစ် မှစတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင် ကာ ဥပဒေကျွမ်းကျင်ပညာရှင်များ၊ အရပ်ဖက်အမျိုးသမီးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီတို့ ပူးပေါင်း၍ ဥပဒေကြမ်းရေးဆွဲခဲ့ပါသည်။ ဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) သဘောတူညီချက်ဖြင့် ပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန်နှင့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့တွင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ပြန်လည်ပေးပို့လာသည့်အတွက် လိုအပ်သောကဏ္ဍများတွင် သုံးသပ်ပြင်ဆင်မှု များ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဥပဒေမူကြမ်းကို အများ ပြည်သူများ သိရှိလေ့လာ၍ အကြံဉာဏ်ပေးပို့နိုင်ရန် နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်း ကြေညာခဲ့ပါသည်။ ယခုအခါ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်သို့တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ၂၀၂၀ ပြည့်နှစ်၌ စတင်ဆွေးနွေးနိုင်ရန် လျာထားလျက်ရှိပါသည်။

## လွှတ်တော်အတွင်းဆွေးနွေးချက်များ

၂၃။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်) မှ "မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၁၇ နှစ်ကျော် ကတည်းက CEDAW အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သော်လည်း ယနေ့အချိန်ထိ အမျိုးသမီးများ၏ တန်းတူ ညီမျှမှုအခွင့်အရေး၊ ခွဲခြားဆက်ဆံခံရမှု၊ အကြမ်းဖက်ခံရမှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်

[21] မြန်မာနိုင်ငံ၏ ကျား၊မ ရေးရာ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေဆန်းစစ်မှု၊ ၂၀၁၆ခုနှစ်၊ စာမျက်နှာ-၂၆ မှ ကောက် နုတ်ရရှိပါသည်။

စော်ကားမှုများ၊ လူကုန်ကူးခံရမှုများသည် နေရာအနှံ့အပြားတွင် တွေ့ရှိနေရသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရန် မည်သည့်အချိန်တွင် ဥပဒေတစ်ရပ် ဖြစ်ပေါ်လာမည်ကို သိရှိလိုကြောင်း"မေးမြန်းခဲ့ပါသည်။[22]

၂၄။ အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၏ ဖြေကြားချက်မှာ –

"နိုင်ငံတော်အနေဖြင့် အမျိုးသမီးများ၏ မူလအခွင့်အရေးနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဥပဒေ၊ အမျိုးစောင့်ဥပဒေ၊ မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများအထူးလက်ထပ်ထိမ်းမြားရေးဥပဒေ စသောဥပဒေများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် အကာအကွယ်ပေး စောင့်ရှောက်လျက်ရှိပါကြောင်း၊ ထို့ပြင်ပြစ်မှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးတို့အတွက် ပြစ်မှုအမျိုးအစားအလိုက်လည်း အကာအကွယ်ပေးထားခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ပေးရေးဥပဒေကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် ကျား/မ တန်းတူညီမျှမှုကွန်ရက် United Nations Gender Theme Group (UNGTG) မှ ကိုယ်စားလှယ်များပါဝင်သည့် ဦးဆောင်ကော်မတီ၊ ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် နည်းပညာဆိုင်ရာ အကြံပေးကော်မတီများကိုဖွဲ့စည်းပြီး ရေးဆွဲလျက်ရှိပါကြောင်း" ဖြေကြားခဲ့ပါသည်။

[22] ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်) ၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်၊ ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့၊ https:// pyithu. hluttaw. mm/question-903 မှ ကောက်နုတ်ရရှိပါသည်။

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် ဆက်စပ်သည့် ဥပဒေများ

၂၅။ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအတွက် အကာအကွယ်ပေး ထားသည့်အောက်ပါ တည်ဆဲဥပဒေများကိုပြဋ္ဌာန်းထားရှိပါသည်။ -

(က) ရာဇသတ်ကြီးဥပဒေ (၁၈၆၀)၊

(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေ (၁၈၉၈)၊

(ဂ) ကလေးသူငယ်အခွင့်အရေးဥပဒေ (၂၀၁၉)၊

(ဃ) လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေ (၂၀၀၅)၊

(င) အရေးပေါ်စောင့်ရှောက်ရေးနှင့်ကုသရေးဥပဒေ (၂၀၀၅) နှင့်

(စ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ (၂၀၁၅) တို့ဖြစ်ပါသည်။[23]

## မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ

၂၆။ မြန်မာနိုင်ငံတွင်အမျိုးသမီးများရပ်တည်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည် ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့မှစ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအမည်ကို “မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ” ဟု အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့ စည်းပြီး အမျိုးသမီးများအရေး တက်ကြွစွာလှုပ်ရှားဆောင်ရွက်နေသော ကျား/မ ရေးရာ တန်းတူ ညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်နှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းတို့ကို ထပ်မံထည့်သွင်း ဖွဲ့စည်းခဲ့ပါသည်။ မြန်မာအမျိုးသမီးများ အရေး ဦးတည်ဆောင်ရွက်ရန် ဖွဲ့စည်းလိုက်သည့် ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုး သမီးများ နေ့ အဖြစ်သတ်မှတ်ခဲ့ပါသည်။[24]

---

[23]အမျိုးသမီးများအကြမ်းဖက်မှုမခံရရေး အားလုံးလက်တွဲပေး၊ ဒေါက်တာခိုင်ခိုင်ဝင်း၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ https://www.moi.gov.mm/?q=content/ မှ ကောက်နုတ်ရရှိပါသည်။

[24] ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေး တက်ရောက်၊ ဖေဖော်ဝါရီ ၅ရက်၊ https:// www.ddm.gov.mm/?p=39030 မှ ကော်နုတ်ရရှိပါသည်။

## အရပ်ဘက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ

၂၇။ ကယန်းဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုများပပျောက်လာရေးအတွက် ကယန်းအမျိုးသမီးအစည်းအရုံးအဖွဲ့မှအသိပညာပေးလုပ်ဆောင်မှုများ၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာသင်တန်းပေးခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး စည်းရုံးလှုံ့ဆော်သည့် လှုပ်ရှားမှုများ ပြုလုပ်ပေးလျှက်ရှိကြပါသည်။ ယင်းအဖွဲ့အစည်းမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ကယန်းဘာသာကျွမ်းကျင်သည့် ရှေ့နေများအသင်းနှင့် ချိတ်ဆက်ပေးပြီး ဥပဒေလမ်းကြောင်းအရ အကူအညီပေးနေကြောင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။[25]

၂၈။ ထားဝယ်အမျိုးသမီးများသမဂ္ဂသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းလာရေးအတွက် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား နှစ်သိမ့်ပေးခြင်းများအပြင် ယာယီတည်းခိုရန် (safe house) စီစဉ်ပေးခြင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ အခမဲ့ရှေ့နေလိုက်ပေးခြင်း လိုအပ်ပါကသက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသို့ ချိတ်ဆက်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါသည်။[26]

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းများ၏အမြင်များ

၂၉။ CEDAW ကို လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းထားခဲ့သည့် ရာဇဝတ်မှုဥပဒေပုဒ်မများမှလွဲလျှင် အမျိုးသမီးများကို ကာကွယ်ပေးနိုင်သော သီးခြားဥပဒေများ မရှိသေးသောကြောင့် အချို့သောတရားစီရင်ရေးတွင် အမျိုးသမီးအကြမ်းဖက်မှုများကို ထိထိရောက်ရောက်ကာကွယ်နိုင်ခြင်း မတွေ့ရသေးကြောင်း အမျိုးသမီးအခွင့်အရေး

[25]အမျိုးသမီးများအပေါ် အကြမ်းဖက်ခံရမှုပပျောက်ရေး အသိပညာပေးလုပ်ဆောင်၊ https://www.mrtv.gov.mm/mm/news-30165 မှ ကောက်နုတ်ရရှိပါသည်။

[26]တနင်္သာရီတိုင်းအတွင်း ထားဝယ်အမျိုးသမီးများ သမဂ္ဂသို့ တိုင်ကြားလာသည့် အမျိုးသမီးများ အပေါ် နည်းမျိုးစုံ ဖြင့် အကြမ်းဖက် ခံရသည့် အမှုများ ၁ နှစ်ထက် ၁ နှစ် တိုးလာကြောင်း https:// burma. irrawaddy. com/news/ 2020/01/ 17/ 213277.html မှ ကောက်နုတ်ရရှိပါသည်။

လူပ်ရှားနေသူများက ဝေဖန်ထောက်ပြခဲ့ပါသည်။[27] ဥပဒေလမ်းကြောင်းဖြင့် ဖြေရှင်းနိုင်သည့် အောက်ပါနည်းလမ်းနှစ်ခုရှိပါသည်-

(က) အမျိုးသမီးများအပေါ် ကျူးလွန်သော ပြစ်မှုများကို ပြစ်ဒဏ်ပေးခြင်းနှင့်

(ခ) အကာအကွယ်ပေးခြင်း၊ ဥပဒေစိုးမိုးခြင်းအစရှိသည့် လူမှုရေးအမိန့်များ အပါအဝင် အကာအကွယ်ပေးသော ဥပဒေပုဒ်မများ ထုတ်ပြန်ခြင်းတို့ဖြစ်ပါသည်။[28]

၃၀။ မြန်မာနိုင်ငံ၌ အမျိုးသမီးများ အကြမ်းဖက်ခံရမှုအများစုသည် အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပြီး အမျိုးသမီးများကိုယ်တိုင် အိမ်တွင်းအကြမ်းဖက်ခံရသည်ကို မသိရှိကြပဲ ဆက်လက်ကျူးလွန်ခံနေရကြောင်း၊ အမျိုးသမီးများအကြမ်းဖက်ခံရမှုကို ထိရောက်စွာ အရေးယူဆောင်ရွက်မှု နည်းပါးကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုလည်း အားနည်းနေပါသည်။[29] အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တိုက်ဖျက်ရန် တိကျသောဥပဒေတစ်ရပ် ပေါ်ပေါက်လာလျှင် ပြောင်းလဲမှုများရှိလာနိုင်သည်ကို မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ပြောကြားထားခြင်းဖြစ်ပါသည်။[30]

၃၁။ နိုင်ငံတကာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုနှင့်မတရားမှုများသည် အများအပြား ပေါ်ပေါက်နေသဖြင့် အမျိုးသမီးများကို အကြမ်းဖက်မှု တားဆီးရေးဥပဒေသည် နိုင်ငံအတွက် မဖြစ်မနေ လိုအပ်ပါကြောင်း လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်နေသူများက ထောက်ပြပြော ဆိုခဲ့ပါသည်။[31]

---

[27] မကြာခင် ထွက်ပေါ်လာတော့မယ့် အမျိုးသမီးတွေကို ကာကွယ်မယ့် ဥပဒေ https://www.bbc.com/burmese/51254843 မှ ကောက်နုတ်ရရှိပါသည်။

[28] Developing Anti-Violence Against Women Laws၊ BACKGROUND INFORMATION၊ Gender Equality Network (GEN)၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၊ စာမျက်နှာ ၃ မှ ကောက်နုတ်ရရှိပါသည်။

[29] နော်ဆဲဆဲ အထွေထွေအတွင်းရေးမှူး (မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်) ပြောကြားချက်မှ ကောက်နုတ်ရရှိပါသည်။

[30] အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေး ဥပဒေမူကြမ်း လွှတ်တော်တင်မည်၊ ဒေါ်အေးမြမြမျိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြောကြားချက်မှ ကောက်နုတ်ရရှိပါသည်။

[31] ဒေါ်လှလှရီ၊ Legal Clinic Myanmar၊ အမျိုးသမီးများကို အကာအကွယ်ပေးမည့် ဥပဒေသစ်ပြဋ္ဌာန်းရန် အစိုးရကိုတိုက်တွန်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ https://myanmar-now.org/mm/news/1705 မှ ကောက်နုတ်ရရှိပါသည်။

## နိုင်ငံအချို့၏ ဆောင်ရွက်နေမှုများ

၃၂။ အာဆီယံနိုင်ငံများတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ ဥပဒေများပြဋ္ဌာန်း သကဲ့သို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် ကျား/မ တန်းတူညီမျှရေး ဥပဒေများကို လည်းပြဋ္ဌာန်းထားရှိကြပါသည်[32]-

(က) **အိန္ဒိယနိုင်ငံ။** အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများအား အိမ်တွင်းအကြမ်းဖက်မှုမှ ကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်တွင် အိန္ဒိယပါလီမန်မှ ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်တွင် အာဏာသက်ရောက်စေခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ပေးရေးဥပဒေ ၂၀၀၅ သည် အိမ်တွင်းအကြမ်းဖက်မှု ၏ အဓိပ္ပာယ်ကို ပထမဆုံးဖွင့်ဆိုပေးသော ဥပဒေလည်းဖြစ်ပါသည်။[33] ယင်းဥပဒေ တွင် မိသားစုအတွင်း ဖြစ်ပွားသော မည့်သည့်အကြမ်းဖက်မှုမျိုးမဆို အကြမ်းဖက် မှု၏ နစ်နာသူများကို ထိထိရောက်ရောက် ကုစားမှုပေးရန်နှင့် ကာကွယ်မှုပေးရန် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းနှင့်အတူ တရားမကုစားခွင့်များလည်းပါဝင်ပါ သည်။[34] ထို့အပြင်အစိုးရမှ အမျိုးသမီးများ အမှုဖွင့်လှစ်တိုင်ကြားရာတွင် ကူညီရန် သာမက တရားရုံးအတွက် သက်သေခံအထောက်အထား စုဆောင်းပေးခြင်းနှင့် တရားရင်ဆိုင်နေစဉ်ကာလနှင့် အကာအကွယ်ပေးရေးအမိန့် ချမှတ်ပြီးသည့်အချိန် တွင် ယင်းအမိန့်များကို လက်တွေ့အကောင်အထည်ဖော်ရန် အကာအကွယ်ပေး ရေးအရာရှိများကိုခန့်ထားပေးပါသည်။[35]

(ခ) **ထိုင်းနိုင်ငံ။** ထိုင်းနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှုမှ နစ်နာသူများကာကွယ်ပေးရေး ဥပဒေသည် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် အာဏာသက်ရောက်ခဲ့ပါသည်။

---

[32] Developing Anit-Violence Against Women Laws, Discussion Paper Part 1 Background Information, Gender Equality Network၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၊ စာမျက်နှာ ၆ မှ ကောက်နုတ်ရရှိပါသည်။

[33] Gayathri M, An Empirical Study on the Existing Legal Framework against Domestic Violence in India with Special Reference to Chennai, Journal of Political Sciences & Public Affairs, ၂၀၁၇ ခုနှစ်၊ Volume 5 Issue 4၊ စာမျက်နှာ-၁၊ https:// www.longdom.org/open-access/an-empirical-study-on-the-existing-legal-framework-against-domesticviolence-in-india-with-special-reference-to-chennai-2332-0761-1000313 .pdf မှရရှိပါသည်။

[34] http://evaw-global-database.unwomen.org/en/countries/asia/india/2006/protection-of-women-from-domestic-violence-act မှ ကောက်နုတ်ရရှိပါသည်။

[35] အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေများပြုစုခြင်း၊ ဆွေးနွေးမှုစာတမ်း အပိုင်း (၂) ရွေးချယ်ရန် ခေါင်းစဉ်များ၊ ကျားမရေးရာ တန်းတူညီမျှရေး ကွန်ယက်၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ၊ စာမျက်နှာ ၄၉ မှ ကောက်နုတ်ရရှိပါသည်။

အဆိုပါဥပဒေတွင် အိမ်တွင်းအကြမ်းဖက်မှု ပြဿနာများကိုဖြေရှင်းရန်၊ အိမ်တွင်း အကြမ်းဖက်မှု၏ နစ်နာသူများကို အကာအကွယ်ပေးရန်နှင့် မိသားစုစည်းလုံး ညီညွတ်မှုကို ထိန်းသိမ်းရန်ဆိုသော ရည်ရွယ်ချက်များပါရှိပါသည်။ အဆိုပါဥပဒေ တွင် ဇနီးများ၊ ယခင်ဇနီး၊ လက်ထပ်မှတ်ပုံတင်ခြင်းမရှိသော ဇနီးခင်ပွန်းကဲ့သို့ နေထိုင်ခြင်း၊ အတူနေထိုင်သူများ၊ တရားဝင်မွေးစားကလေးများ၊ တရားမဝင်မွေးစား ကလေးများ၊ မိသားစုဝင်များ၊ အိမ်ထောင်စု တစ်ခုထဲတွင် အတူနေထိုင်သောသူများ ကို အကာအကွယ်ပေးထားပါသည်။[36]

(ဂ) **မလေးရှားနိုင်ငံ။** မလေးရှားနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ အိမ်တွင်းအကြမ်းဖက်မှုဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။[37] အိမ်တွင်းအကြမ်းဖက်မှုဥပဒေတွင် အရေးပေါ်ကာကွယ်စောင့်ရှောက်ရေးအမိန့်ကို လျှောက်ထားနိုင်ပြီး မလေးရှားနိုင်ငံ၏ လူမှုဖူလုံရေးဌာနမှ ထုတ်ပေးပါသည်။ အရေးပေါ်ကာကွယ်ရေးအမိန့်သည် ခုနှစ်ရက်သက်တမ်းပါရှိပြီး အိမ်တွင်းအကြမ်း ဖက်မှုအတွက် အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်။[38]

(ဃ) **မော်ရိုကိုနိုင်ငံ။** ဆယ်စုနှစ်ပေါင်းများစွာ မော်ရိုကိုအမျိုးသမီးအခွင့်အရေးများ အဖွဲ့၏ ကြိုးပမ်းမှုများကြောင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအား တိုက်ဖျက် သည့် ဥပဒေ တစ်ရပ်ကို ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေတွင် နစ်နာသူများအတွက် ကြိုတင်ကာကွယ်မှုများပြုလုပ်ပေးခြင်း၊ အကာအကွယ်ပေး ခြင်းများကို ပြဋ္ဌာန်းပေးထားပါသည်။ မိသားစုတွင်း၌ အတင်းအကျပ်ထိမ်းမြား လက်ထပ်စေခြင်း၊ ကွာရှင်းမှုမှပေါ်ပေါက်လာသော စားစရိတ်ထောက်ပံ့မှုကို ကင်းလွတ်အောင်ပြုလုပ်ခြင်း၊ အိမ်ထောင်ဖက်အား နေအိမ်သို့ပြန်လာမှုကို တားဆီး ခြင်း၊ နှင်ထုတ်ခြင်း၊ အများပြည်သူနေရာတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုပြု

[36] Mrs. Pusadee Tamthai, Member of the House of Representatives Mrs. Kirana Sumawong, Member of the Senate၊ Thailand's experience of monitoring the state of implementation of the Protection of Domestic Violence Act (2007)၊ စာမျက်နှာ-၂၊ http://archive.ipu.org/splz-e/newdelhi11/thailand.pdf မှရရှိပါသည်။

[37] Violence against women in Malaysia၊ https://en.wikipedia.org/wiki/Violence_against_women_in_Malaysia မှ ကောက်နုတ်ရရှိပါသည်။

[38] https://wao.org.my/laws-on-domestic-violence/ မှ ကောက်နုတ်ရရှိပါသည်။

ခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်ခြင်းတို့မှကာကွယ်ရန် ပြစ်ဒဏ်များကို တိုးမြှင့် ပြဋ္ဌာန်းထားပါသည်။ ဥပဒေပြဋ္ဌာန်းချက်တွင် စွပ်စွဲခံရသူအား ထိခိုက်နစ်နာသူနှင့် မည်သည့်အကွာအဝေးတွင် နေထိုင်ရန် အကာအကွယ်ပေးရေးအတွက်လည်း ခွင့်ပြုထားပါသည်။ ထိတွေ့မှု၊ ချဉ်းကပ်မှု၊ ဆက်သွယ်မှုစသည်တို့မှ ထိခိုက်နစ်နာသူများအား အကာအကွယ်ပေးရန်၊ ထိခိုက်နစ်နာသူ၏ အသက်အန္တရာယ် အတွက် လုံခြုံမှုရှိရန် အချက်များပြဋ္ဌာန်းထားပါသည်။ တိုက်ခိုက်ရန်ပြုမည့် ယောကျ်ားကို နေအိမ်မှ ဖယ်ရှားရှင်းလင်းခြင်း၊ ထပ်မံအကြမ်းဖက်မှုများမှ ကာကွယ်ခြင်း၊ နစ်နာသူနှင့် ထိတွေ့ဆက်ဆံမှုမှ တားမြစ်ပိတ်ပင်ရန် စသည့်အချက်များသည် ဥပဒေတွင် ပါဝင်ပါသည်။[39]

၃၃။ အထက်ပါနိုင်ငံများ၏ ဥပဒေများကို လေ့လာခြင်းအားဖြင့် အောက်ပါအချက်များကို သင်ခန်းစာထုတ်နုတ်ရရှိပါသည်-

(က) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အကာအကွယ်ပေးရေးအတွက် ဥပဒေတစ်ရပ်လိုအပ်လျှက်ရှိခြင်း၊

(ခ) အိန္ဒိယနိုင်ငံ၏ ဥပဒေတွင် အကြမ်းဖက်မှု၏ ထိခိုက်နစ်နာသူများကိုပြစ်မှုကြောင်း အရသာမက တရားမကြောင်းအရပါကုစားခွင့်ပေးထားခြင်း၊ တရားရင်ဆိုင်နေစဉ်ကာလနှင့် အကာအကွယ်ပေးရေးအမိန့်ချမှတ်ပြီးသည့်အချိန်တွင် ယင်းအမိန့်များကို လက်တွေ့အကောင်အထည်ဖော်ရန် အကာအကွယ်ပေးရေးအရာရှိများခန့်ထားပေးခြင်း၊

(ဂ) ထိုင်းနိုင်ငံ၏ ဥပဒေတွင် ဇနီးများ၊ ယခင်ဇနီး၊ လက်ထပ်မှတ်ပုံတင်ခြင်းမရှိသော ဇနီးခင်ပွန်းကဲ့သို့ နေထိုင်ခြင်း၊ အတူနေထိုင်သူများ၊ တရားဝင်မွေးစားကလေးများ၊ တရားမဝင်မွေးစား ကလေးများ၊ မိသားစုဝင်များ၊ အိမ်ထောင်စု တစ်ခုထဲတွင် အတူနေထိုင်သောသူများကို အကာအကွယ်ပေးထားခြင်း၊

[39] https://www.hrw.org/news/2018/02/morocco-new-violence-against-women-law မှ ကောက်နုတ်ရရှိပါသည်။

(ဃ) မလေးရှားနိုင်ငံ၏ ဥပဒေတွင် လူမှုဖူလုံရေးဌာနမှ ထုတ်ပေးသည့် ခုနှစ်ရက်သက်တမ်းရှိသော အရေးပေါ်ကာကွယ်စောင့်ရှောက်ရေးအမိန့် လျှောက်ထားနိုင်ခြင်း၊

(ခ) မော်ရိုကိုနိုင်ငံ၏ ဥပဒေတွင် တိုက်ခိုက်ရန်ပြုမည့်ယောက်ျားကို နေအိမ်မှဖယ်ရှားရှင်းလင်းခြင်း၊ ထပ်မံအကြမ်းဖက်မှုများမှ ကာကွယ်ခြင်း၊ နစ်နာသူနှင့် ထိတွေ့ဆက်ဆံမှုမှ တားမြစ်ပိတ်ပင်သည့် ပြဋ္ဌာန်းချက်များပါဝင်ကြောင်းတွေ့ရှိရပါသည်။

**နိဂုံး**

၃၄။ အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ဆောင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းများလိုအပ်သကဲ့သို့ ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုများအတွက် တားဆီးကာကွယ်ရန်လည်းလိုအပ်လျက်ရှိပါသည်။ လူ့အခွင့်အရေးချိုး ဖောက်မှုတစ်ရပ်ဖြစ်သော၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အမျိုးသမီးများအား အကြမ်းဖက်ခြင်းကို ကူညီကာကွယ် စောင့်ရှောက်ပေးကြရမည်ဖြစ်ပါသည်။ ထို့အပြင်အတားအဆီးဖြစ်နေသည့် ယဉ်ကျေးမှုစံနှုန်းများ၊ လူနေမှုအလေ့အထများကိုလေ့လာပြီး အသိပညာမြှင့်တင်ပေးခြင်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ လိုအပ်လျက်ရှိသည့် အမျိုးသမီးအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် မူဝါဒများ၊ စနစ်များပြောင်းလဲခြင်းနှင့်အတူ တိုက်တွန်းအားပေး၍ အမျိုးသမီးများအားအကြမ်းဖက်မှုနှင့် တားဆီးကာကွယ်ရေးကို အထောက်အကူပြုစေရန် ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ငြိမ်းငြိမ်းချမ်း (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅